
Panasonic®

# အသုံးပြုပုံလမ်းညွှန်ချက်များ

## ( အိမ်တွင်သုံးရန်သာ ) ဆံပင်အခြောက်ခံစက်

မော်ဒယ်နံပါတ် . **EH-NE82**
**EH-NE81**



ဤဆံပင်အခြောက်ခံစက်ကို အသုံးမပြုမီ ကျေးဇူးပြု၍ အောက်ပါလမ်းညွှန်ချက်များကို ပြည့်စုံစွာ ဖတ်၍ နောင်တွင် အသုံးပြုနိုင်ရန် သိမ်းဆည်းထားပါ။

# မာတိကာ


**ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်သတိပေးချက်** ............ ၃

အစိတ်အပိုင်းများအားခွဲခြမ်းစိတ်ဖြာခြင်း ............ ၁၀

ဆံပင်အခြောက်ခံစက်ကိုအသုံးပြုပုံ ............ ၁၂

အိုင်ယွန်အကြောင်း ............ ၁၃

အဆင့်မြင့်ကာကွယ်မှုအကြောင်း(EH-NE 82တစ်ခုသာ) ............ ၁၃

အပူကာကွယ်မှုအကြောင်း (EH-NE 82တစ်ခုသာ) ............ ၁၃

ဆံပင်အခြောက်ခံစက်ကိုပြုပြင်ထိန်းသိမ်းမှု ............ ၁၄

ပြဿနာရှာဖွေဖြေရှင်းပေးခြင်း ............ ၁၇

အသေးစိတ်အချက်အလက်များ ............ ၁၈


မြန်မာ

ဤပန်နာဆိုးနစ်ထုတ်ကုန်ကိုဝယ်ယူအားပေးသည့်အတွက် ကျေးဇူးတင်ပါသည်။

# ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်သတိပေးချက်

အနာတရဖြစ်မှု၊အသက်ဆုံးရှုံးမှု၊ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်း၊ပစ္စည်းဥစ္စာဆုံးရှုံးခြင်းများကိုလျော့ချရန်အောက်ပါဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်မှုများကိုအမြဲသတိပြုပါ။

## အမှတ်သင်္ကေတရှင်းလင်းချက်

အောက်ပါသင်္ကေတများသည်အညွှန်းသင်္ကေတများကိုလျစ်လျူရှုခြင်းမလျော်ကန်စွာအသုံးပြုခြင်းများပြုလုပ်သည့်အခါတွင်ဖြစ်ပေါ်လာသောဘေးအန္တရာယ်၊အနာတရ၊ပစ္စည်းဥစ္စာဆုံးရှုံးခြင်းများကိုခွဲခြားဖော်ပြရာတွင်အသုံးပြုပါသည်။

| | | |
|---|---|---|
|  | **အရေးကြီးသတိပေးချက်** | ဒဏ်ရာပြင်းထန်မှု(သို့)အသက်ဆုံးရှုံးမှုကိုဖြစ်စေနိုင်သောဘေးအန္တရာယ်အလားအလာကိုဖော်ညွှန်းသည်။ |
|  | **သတိပေးချက်** | အသေးစားဒဏ်ရာ(သို့)ပစ္စည်းဥစ္စာဆုံးရှုံးမှုကိုဖြစ်စေနိုင်သောဘေးအန္တရာယ်ကိုဖော်ညွှန်းသည်။ |

အောက်ပါသင်္ကေတများသည်သတိပြုရမည့်လမ်းညွှန်ချက်များကိုခွဲခြားဖော်ပြရာတွင်အသုံးပြုသည်။

| | |
|---|---|
|  | ဤသင်္ကေတသည်မလုပ်ဆောင်သင့်သောသတ်မှတ်ထားသည့်လုပ်ငန်းစဉ်ကိုအသုံးပြုသူများထံသတိပေးသည့်အခါတွင်အသုံးပြုသည်။ |
|  | ဤသင်္ကေတသည်ယူနစ်တစ်ခုအားလုံခြုံဘေးကင်းစွာလည်ပတ်နိုင်ရန်လိုက်နာရမည့်သတ်မှတ်ထားသောလုပ်ငန်းစဉ်ကိုအသုံးပြုသူများထံသတိပေးသည့်အခါတွင်အသုံးပြုသည်။ |

“လုံခြုံရေးကြိုတင်ကာကွယ်မှုများ”တွင်ဖော်ပြချက်များသည်ထုတ်ကုန်နှင့်လိုက်၍ပြောင်းလဲနိုင်ပါသည်။

# အရေးကြီးသတိပေးချက်

**ကလေးငယ်များလက်လှမ်းမှီသော နေရာတွင်မထားပါနှင့်။**

**ကလေးများကိုအသုံးပြုခွင့်မပြုပါနှင့်။**

–ပြုလုပ်ပါက မီးလောင်ခြင်း၊ဓာတ်လိုက်ခြင်း၊ထိခိုက်ဒဏ်ရာရခြင်းများရှိနိုင်ပါသည်။

---

**ပြုပြင်ခြင်း၊အစိတ်အပိုင်းများကိုဖြုတ်ခြင်း၊ပြန်လည်မွမ်းမံခြင်းများမပြုလုပ်ပါနှင့်။**

–ပြုလုပ်ပါကပုံမှန်မဟုတ်သောလုပ်ဆောင်ချက်ကြောင့်မီးလောင်ခြင်း၊အန္တရာယ်ဖြစ်ခြင်းများရှိနိုင်ပါသည်။

---

**လျှပ်စစ်ကြိုးကိုရစ်ပတ်ခြင်း၊ဆွဲခြင်း၊အားဖြင့်ကွေးခြင်းဖြင့်ပြုပြင်ခြင်း(သို့)ပျက်စီးခြင်းမပြုပါနှင့်။ကြိုးကိုဖိခြင်း၊ပစ္စည်းအလေးများတင်ခြင်းမပြုပါနှင့်။**

–ပြုလုပ်ပါကလျှပ်စစ်ပတ်လမ်းတိုခြင်းကြောင့်ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---


**မီးကြိုးအစည်းလိုက်ဖြင့်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါကမီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းများရှိနိုင်ပါသည်။

---

**သိမ်းဆည်းရာတွင်အခြောက်ခံစက်၏အဓိကအပိုင်းကိုကြိုးဖြင့်ရစ်ပတ်ခြင်းမပြုပါနှင့်။**

–ပြုလုပ်ပါကကြိုး၏ဝန်ကျိုးကာလျှပ်စီးလောင်ကျွမ်းမှုကြောင့်ဓာတ်လိုက်ခြင်း၊
မီးလောင်ခြင်းများရှိနိုင်သည်။



---

**ပလတ်ခေါင်း(သို့)ကြိုးပျက်စီးသည့်အခါ(သို့)ပူနေသည့်အခါမျိုးတွင်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါကလျှပ်စစ်ပတ်လမ်းတိုခြင်းကြောင့်အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

မြန်မာ

# အရေးကြီးသတိပေးချက်

**ပလပ်ခေါင်းသည် အိမ်သုံးပလပ်ပေါက်တွင် လျော့လျော့ရဲရဲဖြစ်နေပါက ကိရိယာတွင်လျော့လျော့ရဲရဲဖြစ်ပါကကိရိယာအားအသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက လျှပ်စစ်ပတ်လမ်းတို ခြင်းကြောင့် အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။

---

**ရေစိုနေသောလက်နှင့်ပလပ်ပေါက်တွင် ပလပ်ခေါင်းထိုးခြင်း၊ထုတ်ခြင်းမပြုပါနှင့်။**

–ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊အနာတရဖြစ်ခြင်းများရှိနိုင်ပါသည်။

---

**ရေစိုသောလက်ဖြင့်ကိရိယာအားအသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက လျှပ်စီးလောင်ကျွမ်းခြင်းကြောင့်ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ပါဝါခလုတ်ဖွင့်၍မထားပါနှင့်။**

–ပြုလုပ်ပါက မီးလောင်ကျွမ်းနိုင်ပါသည်။

---

**အစိုဓာတ်များသော ရေချိုးခန်းကဲ့သို့နေရာမျိုးတွင်ကိရိယာကို ထားရှိခြင်းမပြုပါနှင့်။မှန်တင်ခုံကဲ့သို့ရေများလျှံကျနိုင်သောနေရာမျိုးတွင် လည်းမထားပါနှင့်။**

–ပြုလုပ်ပါကဓာတ်လိုက်ခြင်း၊မီးလောင်ကျွမ်းခြင်းများရှိနိုင်ပါသည်။

---

**လေဝင်ပေါက်၊လေထွက်ပေါက်၊အိုင်ယွန်ထွက်ပေါက်ထဲသို့ဆံညှပ်များ၊အခြားသောအရာများထည့်ခြင်း၊ပိတ်ဆို့ခြင်းမျိုးမပြုပါနှင့်။**

–ပြုလုပ်ပါကမီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းအပူကျွမ်းခြင်းများရှိနိုင်ပါသည်။

---

**အရက်၊ဘန်ဇင်း၊တင်နာ၊မှုတ်ဆေး၊ဆံကေသာထိန်းသိမ်းမှုထုတ်ကုန်၊လက်သည်းဖျက်ဆေးကဲ့သို့ ပေါက်ကွဲမှုလွယ်သောပစ္စည်းများနှင့်နီး သောနေရာတွင်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက ပေါက်ကွဲခြင်း၊မီးလောင်ခြင်းများ ရှိနိုင်ပါသည်။

---

**ဤကိရိယာကို စီးပွားဖြစ်သုံးခြင်း၊သင့်လျော်သောထိန်းသိမ်းမှုမရှိဘဲသုံးခြင်းမျိုးမပြုပါနှင့်။**

– ပြုလုပ်ပါက စဉ်ဆက်မပြတ်အသုံးပြုခြင်း၊အဆမတန်အသုံးပြုခြင်းကြောင့် အပူကျွမ်းခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

# အရေးကြီးသတိပေးချက်

**ကိရိယာအား ရေစိမ်ခြင်းမပြုပါနှင့်။**

**ရေနှင့်နီးသောနေရာတွင်မထားပါနှင့်။**

**ရေချိုးကန်၊ရေပန်း၊ဘေစင်နှင့်အခြားရေပါသောခွက်များတွင်မထားပါနှင့်။**

–ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။



**ကိရိယာပေါ်ရှိအနီရောင်တားမြစ်သင်္ကေတသည် ရေနှင့်နီးသောနေရာတွင် ကိရိယာအားအသုံးမပြုရန်သတိပေးခြင်းဖြစ်သည်။**

---

**အကယ်၍ ပုံမှန်မဟုတ်ခြင်း၊စက်ပစ္စည်းချွတ်ယွင်းခြင်းများရှိသည့်အခါ ပလပ်ကိုဖြုတ်၍အသုံးပြုခြင်းကိုရပ်လိုက်ပါ။**

–ဆက်လက်အသုံးပြုပါက မီးလောင်ခြင်း၊ဓာတ်လိုက်ခြင်း၊အန္တရာယ်ဖြစ်ခြင်းများရှိနိုင်ပါသည်။

**(ပုံမှန်မဟုတ်ခြင်း(သို့)စက်ပစ္စည်းချွတ်ယွင်းခြင်းဖြစ်ရပ်များ)**

- **လေမထွက်ခြင်း**
- **ယူနစ်သည်ပြတ်တောင်းပြတ်တောင်းရပ်ခြင်း**
- **အတွင်းပိုင်းသည်ရဲရဲနီလာ၍ မီးခိုးငွေ့ထွက်လာခြင်း**

–ယင်းကဲ့သို့ဖြစ်ပါက သတ်မှတ်ထားသော ဝန်ဆောင်မှုစင်တာတွင် စစ်ဆေးခြင်း၊ပြင်ဆင်ခြင်းများ ချက်ခြင်းပြုလုပ်ပါ။

---

**ပလပ်ခုံတစ်ခုတည်းတွင်သာအသုံးပြုပါ။မီးကြိုးအပိုဖြင့်အသုံးမပြုပါနှင့်။**

**ပလပ်ခေါင်းအားသေချာထိုးပါ။**

**ကိရိယာပေါ်တွင်ဖော်ပြထားသည့်သတ်မှတ်ဗို့အားနှင့်ကိုက်ညီသောလျှပ်စစ်ဓာတ်အားအရင်းအမြစ်ဖြင့်သာ ကိရိယာကိုအသုံးပြုပါ။**

–ယင်းကဲ့သို့ မပြုလုပ်ပါက မီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းများဖြစ်နိုင်ပါသည်။

---

**လေပူဖြင့်ကိရိယာအားအသုံးပြုနေချိန် လေထွက်ပေါက်တွင် မီးပွားများမြင်ပါက အသုံးပြုမှုကိုရပ်၍ လေထွက်ပေါက်တွင်ရှိသော ချည်စများကိုဖယ်ပါ။**

–ယင်းကဲ့သို့ မပြုလုပ်ပါက အပူကျွမ်းခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

မြန်မာ

# အရေးကြီးသတိပေးချက်

**အသုံးပြုပြီးသည့်အခါတွင် အိမ်သုံးပလပ်ခုံများမှ ပလပ်ခေါင်းကိုဖြုတ်၍ ပါဝါခလုတ်ကို အမြဲပိတ်ပါ။**

–မပြုလုပ်ပါက မီးလောင်ခြင်း၊အပူကျွမ်းခြင်းများရှိနိုင်ပါသည်။

---

**ပလပ်ဖြုတ်သည့်အခါ ပလပ်ခေါင်းကိုကိုင်၍ဖြုတ်ပါ။ကြိုးမှမဆွဲပါနှင့်။**

–မပြုလုပ်ပါက ကြိုးအတွင်းရှိ ဝိုင်ယာကြိုးပျက်ကာ လျှပ်စီးလောင်ကျွမ်းခြင်းကြောင့် အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း၊ မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ဖုန်များစုလာခြင်းမှကာကွယ်ရန် ပလပ်ခေါင်းအား မှန်မှန်သန့်ရှင်းပါ။**

–မပြုလုပ်ပါက စိုထိုင်းမှုကြောင့်ဖြစ်ပေါ်လာသော အပူချိန်ကျဆင်းမှုကြောင့် မီးလောင်နိုင်ပါသည်။ ပလပ်ခေါင်းကို ဖြုတ်၍အဝတ်ခြောက်ခြောက်ဖြင့်သုတ်ပါ။

---

**ကိရိယာအားပိတ်လိုက်သည့်အချိန်တွင်ပင် ရေအနားတွင်ထားသည့်အတွက် အန္တရာယ်ရှိနိုင်သောကြောင့် ရေချိုးခန်းတွင် အသုံးပြုပြီးနောက် ခလုတ်ဖြုတ်ပါ။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**ထပ်ဆောင်းကွယ်မှုအတွက်ရေချိုးခန်းတွင်အသုံးပြုသောလျှပ်စစ်ပတ်လမ်းသည် ၃၀ မီလီအမ်ပီယာ ထက်မပိုသောသတ်မှတ်ထားသည့် ကြွင်းကျန်သောလည်ပတ်လမ်းကြောင်းရှိသည့် အာစီဒီ တပ်ဆင်ခြင်းမျိုးရှိသင့်ပါသည်။သင့်အားတပ်ဆင်ပေးသူကို အကြံဉာဏ်တောင်းပါ။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**ဤကိရိယာသည် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ အားနည်းသူများ၊ဘေးကင်းလုံခြုံမှုအတွက်တာဝန်ရှိသူတစ်ယောက်မှ ကိရိယာ၏အသုံးပြုပုံအားလမ်းညွှန်ချက်မရှိဘဲအတွေ့အကြုံဗဟုသုတအားနည်းသူများအသုံးမပြုသင့်ပါ။ကလေးငယ်များကိုလည်း ဤကိရိယာနှင့်ဆော့ကစားခြင်းမပြုရန်ဂရုစိုက်သင့်ပါသည်။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**အကယ်၍ကြိုးပျက်စီးသွားပါကဘေးအန္တရာယ်ကာကွယ်ရန် ထုတ်လုပ်သူ၊ပစ္စည်း၏ဝန်ဆောင်မှုအေးဂျင့်(သို့)ပညာရှင်များမှ အစားထိုးလဲလှယ်ပေးရမည်။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အန္တရာယ်ဖြစ်မှုများရှိနိုင်ပါသည်။

---

## သတိပေးချက်

**ကြိုးကိုရစ်ပတ်၍မထားပါနှင့်။**

–ယင်းကဲ့သို့ပြုလုပ်ပါက ကြိုးအတွင်းရှိဝိုင်ယာကြိုးသည် ဖိအားကြောင့်ပျက်စီးပြီး လျှပ်စီးပတ်လမ်းတို ကြောင့် ဓာတ်လိုက်ခြင်း(သို့) မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**လွတ်ကျခြင်း(သို့)အရာဝတ္ထုများနှင့်မထိမိပါစေနှင့်။**

–ယင်းကဲ့သို့ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ပျက်စီးနေသော လေဝင်ပေါက်များကို အသုံးမပြုပါနှင့်။**

–လေဝင်ပေါက်တွင် ဆံပင်များညိုကာ ပျက်စီးနိုင်ပါသည်။စစ်ထုတ်ကိရိယာနှင့် လေဝင်ပေါက်ပျက်စီးနေလျှင် အသုံးမပြုပါနှင့်။

---

**ကိရိယာ၏ပူနေသောလေထွက်ပေါက်နှင့်တပ်ဆင်ထားသောပိုက်ခေါင်းကို မကိုင်ပါနှင့်။**

–ပြုလုပ်ပါက အပူကျွမ်းနိုင်ပါသည်။

---

**ကလေးငယ်များအတွက်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက အပူကျွမ်းနိုင်ပါသည်။

---

စစ်ထုတ်သည့်ကိရိယာကို ရေနှင့် မဆေးပါနှင့်။

– ထိုသို့ပြုလုပ်လျှင် မီးလောင်ခြင်း (သို့ ) လျှပ်စစ်ရှော့ခ် ဖြစ်နိုင်သည်။

---

စစ်ထုတ်ကိရိယာ ဖယ်ထားပြီးစက်ပစ္စည်းကို မသုံးပါနှင့်။

– သင်၏ဆံပင်သည် လေဝင်ပေါက်တွင် လုံးထွေးသွားပြီး ဆံပင်ကို ပျက်စီးစေနိုင်သည်။

---


# သတိပေးချက်

**အသုံးပြုနေစဉ် အတွင်း လေထွက်ပေါက်ထဲသို့ မကြည့်ပါနှင့်။**

– ဆံပင်အခြောက်ခံစက်သည် လေနှင့် အတူ ဖုန်မှုန့်စသည့်တို့ကိုပါ မှုတ်ထုတ်သည်။ ဖြစ်နိုင်ချေသည် ဒဏ်ရာ ရရှိနိုင်ပါသည်။

**ကျေးဇူးပြုပြီး လေထွက်ပေါက်နှင့် ဆံပင်ကြား ၃ စင်တီမီတာ အကွာအဝေးတွင်ထားပါ။**

– ထိုသို့ လုပ်ရန် ပျက်ကွက်မည် ဆိုပါက သင်၏ ဆံပင်ကို လောင်ကျွမ်းစေနိုင်ပါသည်။




**သင်၏ဆံပင်ကို လေဝင်ပေါက်မှ အနည်းဆုံး ၁၀ စင်တီမီတာ အကွာအဝေးမှာ ထားပါ။**

– သင်၏ ဆံပင်သည် လေဝင်ပေါက်တွင် ရှုပ်ထွေးသွားနိုင်ပြီး ဆံပင်ကို ပျက်စီးစေနိုင်ပါသည်။



**လူ၏ဆံပင်ကို ခြောက်သွေ့စေရန် (သို့) ပုံသွင်းရန် အတွက်သာ အသုံးပြုနိုင်သည်။ ( အိမ်မွေးတိရစ္ဆာန်များ၊ အဝတ်အခြောက်ခံရာတွင် (သို့) ဖိနပ်များ စသည့် အရာများ အပေါ်တွင် အသုံးမပြုပါနှင့်။ )**


– အကယ်၍ မပြုလုပ်ပါက မီးလောင်မှုကို ဖြစ်စေနိုင်ပါသည်။

## ► မှတ်ချက်

- ဤကိရိယာသည် အပူလွှန်ကဲခြင်းအားအလိုအလျောက်ကာကွယ်ပေးသောကိရိယာကိုတပ်ဆင်ထားပါသည်။အကယ်၍ကိရိယာသည် အပူလွန်ကဲလာသည့်အခါ လေအေးစနစ်သို့ ကူးပြောင်းသွားပါမည်။ထိုအခါ ခလုတ်ပိတ်၍ ပလပ်ခုံမှဖြုတ်ပါ။နောက်တစ်ကြိမ်ထပ်မံ အသုံးမပြုမီ မိနစ်အနည်းငယ် အအေးခံပါ။အသုံးမပြုခင်တွင် လေဝင်ပေါက်နှင့်လေထွက်ပေါက်တို့ကို ဖုန်မှုန့်၊ဆံပင်တို့ရှိမရှိစစ်ဆေးပါ။

# အစိတ်အပိုင်းများကိုခွဲခြမ်းစိတ်ဖြာခြင်း






(အချို့သော ညွှန်ကြားချက်များသည် မော်ဒယ်နံပါတ် EH-NE82 ၏သရုပ်ဖော်ပုံများကို အသုံးပြု၍ ထုတ်ကုန်ကို ရှင်းပြထားပါသည်။ )

- က လေထွက်ပေါက်
- ခ နှုတ်သီးပြွန်တပ်ရန်
- ဂ အိုင်ယွန်းထွက်ပေါက်
- ဃ လေဝင်ပေါက်
- င လေဝင်ပေါက်ကွန်ယက်

# အစိတ်အပိုင်းများကိုခွဲခြမ်းစိတ်ဖြာခြင်း

၁ **စစ်ထုတ်ကိရိယာ**

ဆံပင်အခြောက်ခံစက်ကို အသုံးပြုသည့်အခါ လေဝင်ပေါက်နှင့် စစ်ထုတ်ကိရိယာကို တွဲ၍ တပ်ဆင်ထားကြောင်းသေချာပါစေ။

၂ **အေးမြသောရိုက်ချက်ခလုတ်**

အေးမြသောရိုက်ချက်ခလုတ်ကို နှိပ်ထားစဉ်တွင် လေများသည် အေးနေမည်ဖြစ်သည်။

၃ **လက်ကိုင်**

၄ **ကိုင်ရန်အတွက်လက်စွပ်ကွင်း**

၅ **ဝါယာကြိုး**

၆ **ပလပ်ခေါင်း**

နေရာဒေသပေါ်လိုက်၍ ပလပ်ခေါင်းအမျိုးအစားကွဲပြားမှုရှိသည်။

၇ **ပါဝါခလုတ်** ( ✤ )

| | |
|---|---|
| II | အမြင့် (အားပြင်းသောလေစီးကြောင်း) |
| I | အနိမ့် (သိမ်မွေ့သောလေစီးကြောင်း) |
| O | ပိတ်သည်။ |

၈ **အပူချိန်ရွေးချယ်မှု** ( 🌡 )

■ EH-NE82

| | |
|---|---|
| ♨ | ပူသော |
| +🌡 | အဆင့်မြင့် အပူကာကွယ်မှု |
| ❄ | အေးသော |

■ EH-NE81

| | |
|---|---|
| ♨ | ပူသော |
| +🌡 | အပူကာကွယ်မှု |
| ❄ | အေးသော |

၉ **ပျံ့နှံ့မှုကိရိယာ** (EH-NE82 တစ်ခုသာ)

# ဆံပင်အခြောက်ခံစက်အသုံးပြုနည်းလမ်းညွှန်

ဆံပင်အခြောက်ခံစက်ကိုအသုံးမပြုမီ ပါဝါခလုတ်သည် “O” နေရာရှိကြောင်း အတည်ပြုပါ။ ထို့နောက်အိမ်သုံးပလပ်ပေါက်တစ်ခုတွင် ထည့်ပြီး ပါဝါခလုတ်ကို ဖွင့်ပါ။

၁ လေစီးဆင်းမှု၏ အပူချိန်ကို အပူချိန်ရွေးချယ်ခလုတ် ( ၄ ) ကို အသုံးပြု၍ ရွေးချယ်ပါ။

၂ ပါဝါခလုတ်နှင့် အတူ လေစီးဆင်းမှု၏ ပြင်းထန်းမှု ( ၅ ) ကို ရွေးချယ်ပြီးနောက် သင့်ဆံပင်ကို အခြောက်ခံနိုင်ပါသည်။

၃ ပါဝါခလုတ်ကို “O” နေရာထားပါ။ ထို့နောက် ပလပ်ကို မိမိအိမ်ရှိ ပလပ်ပေါက်မှ ဖယ်ရှားပါ။

မြန်မာ

## ► ပိုက်ခေါင်းတပ်ရန်

ဆံပင်ကို ပုံသွင်းရန်နှင့် အခြောက်ခံရန် ပိုက်ခေါင်းကို ဆံပင်အခြောက်ခံစက်တွင် တပ်ဆင်ပါ။

- ပိုက်ခေါင်းတပ်ဆင်ခြင်းသည် ဆံပင်အခြောက်ခံရန် လိုအပ်သည့်နေရာကို လေတိုက်ရိုက်ရောက်စေရန် အကူအညီဖြစ်စေသည်။

## ► ပျံ့နှံ့မှုကိရိယာ (EH-NE82 အတွက်သာ)

ထုထည်ကြီးမားသော ပုံစံနှင့် ခန္ဓာအပြည့်ရှိသော ဆံပင်ကို လေမှုတ်ရန်အတွက် လေမှုတ်ပျံ့နှံ့မှု ပြုလုပ်ပုံမှာ –

- ဦးခေါင်းထိပ်တွင် ဆံပင်များလိုသော သူများအတွက် ပျံ့နှံ့မှု ကိရိယာကို ဦးခေါင်းထိပ်ရှိ ဦးရေပြားတွင် သုံး၍ စက်ဝိုင်းပုံသဏ္ဍာန် ရွေ့လျားပါ။
- ဘေးဘက်တွင် ဆံပင်များပြားသော သူများအတွက် သင်၏နားအပေါ်မှ စတင်၍ ဦးရေပြားတစ်လျှောက် ဦးခေါင်းထိပ်သို့ ရောက်သည် အထိ ပျံ့နှံ့မှုကို ဖြေးညှင်းစွာ ရွေ့လျားပါ။ (ဤကဲ့သို့ ၂ ကြိမ်မှ ၃ ကြိမ် ထပ်ခါ ထပ်ခါ ပြုလုပ်ပါ။ )
- လှိုင်းကဲ့သို့သော ဆံပင်ကို အခြောက်ခံရာတွင် လှိုင်းတွန့်ပုံ ဆံပင်များကို ပျံ့နှံ့မှုပေါ်တွင်ထားပါ။ အောက်ခြေမှ စ၍ အခြောက်ခံပြီး တဖြည်းဖြည်း အထက်သို့တွန်းတင်ပါ။

# အိုင်ယွန်အကြောင်း

အိုင်ယွန်များသည် အမတ်ပါသော အောက်စီဂျင်နှင့် လေထဲရှိ အစိုဓာတ်တို့ ပေါင်းစပ်ပြီး ရရှိလာသော အမှုန့်များ ဖြစ်သည်။ ပြီးနောက် ၎င်းတို့ကို ရိုးရိုးသာမာန် မျက်စိဖြင့် မမြင်နိုင်ပါ။

(အိုင်ယွန် ထုတ်လုပ်သည့် နည်းလမ်း – မြင့်မားသော ဗို့အားထုတ်လွှတ်သည်။)

▶ မှတ်ချက်

- ဤဆံပင်အခြောက်ခံစက်အားအသုံးပြုနေစဉ်ထူးခြားသောရနံ့တစ်ခုထွက်လာနိုင်သည်။ထိုရနံ့သည်လူကိုမထိခိုက်စေနိုင်ပါ။
- အိုင်ယွန်သည် ဆံပင်ကောက်ထားသူများ၊ဆံပင်အလိပ်ရှိသူများ၊ဆံကေသာနူးညံ့သူများ၊ဆံပင်တိုသူများ၊သုံးလေးလအတွင်းဆံပင်ဖြောင့်ထားသူများအပေါ်အကျိုးသက်ရောက်မှုမရှိပါ။

# အဆင့်မြင့်အပူကာကွယ်မှုအကြောင်း( EH-NE 82တစ်ခုသာ)

ဤနည်းလမ်းသည် ဆံပင်နှင့် ဦးရေပြားကို နူးညံ့သိမ်မွေ့စွာ ခြောက်သွေ့စေရန် ဖြစ်သည်။

အာရုံခံစားမှုစနစ်သည် မလိုအပ်သော အပူလွန်ကဲမှုကို ရှောင်ရှားရန် လေ၏ အပူချိန်ကို အလိုအလျောက်ထိန်းချုပ်ပေးသည်။

# အပူကာကွယ်မှုအကြောင်း( EH-NE 81တစ်ခုသာ)

ဤနည်းလမ်းသည် ဆံပင်နှင့် ဦးရေပြားကို ကာကွယ်ရန် ပုံသေ နွေးထွေးသော အပူချိန်ကို ထောက်ပံ့ပေးသည်။

# ဆံပင်အခြောက်ခံစက်ပြုပြင်ထိန်းသိမ်းခြင်း

ပါဝါခလုတ်ပိတ်၍အိမ်သုံးပလပ်ခုံမှ ပလပ်ခေါင်းကိုဖြုတ်ပါ။(လေထွက်ပေါက်တွင် ပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်ချိန်မှလွဲ၍)

## ဆံပင်အခြောက်ခံစက်ကိုထိန်းသိမ်းခြင်း

ဆံပင်အခြောက်ခံစက်ညစ်ပေနေသည့်အခါတွင် စက်ကိုယ်ထည်ကို သန့်ရှင်းပါ။

စက်အုံအားနူးညံ့သော အဝတ်ကို ဘုံပိုင်ရေ(သို့)ဆပ်ပြာရေဖြင့်အနည်းငယ်ပွတ်၍သန့်ရှင်းအောင်လုပ်ပါ။

### ▶ မှတ်ချက်




- အရက်၊လက်သည်းဖျက်ဆေး၊ကြေးချွတ်ဆေး(လက်ဆေးဆပ်ပြာရည်၊အစရှိသည်)များကိုမသုံးပါနှင့်။
  –အသုံးပြုပါက စက်ချွတ်ယွင်းခြင်း၊အစိတ်အပိုင်းများအက်ကွဲခြင်း၊အရောင်ကျွတ်ခြင်းအစရှိသည်
  တို့ဖြစ်နိုင်ပါသည်။
- ဆံပင်အခြောက်ခံစက်ကို ဆံပင်နှင့်ဆိုင်သော အခြားပစ္စည်းများ၊မိတ်ကပ်များနှင့်အတူထားပါက လက်ကိုင်(သို့) စက်ကိုယ်ထည်တွင်ကပ်နေသောအရာများသည် ပလတ်စတစ်ကိုအရည်အသွေးကျစေပြီး အရောင်ကျွတ်ခြင်း၊ အက်ကွဲခြင်း၊စက်ချို့ယွင်းခြင်းကိုဖြစ်စေပါသည်။

## လေထွက်ပေါက်ကိုပြုပြင်ထိန်းသိမ်းခြင်း


လေထွက်ပေါက်များကို တစ်လတစ်ကြိမ်(သို့)တစ်ကြိမ်ထက်ပို၍သန့်ရှင်းပါ။

ပိုက်ကွက်တွင်ပိတ်နေသော ဖုန်မှုန့်၊ဆံပင် အစရှိသည်များကိုဖယ်၍ပိုက်ကွက်ကို တိုက်ချွတ်ဆေးကြောပါ။

- လေထွက်ပေါက်ကိုပြုပြင်ထိန်းသိမ်းနေစဉ်မှသာလျှင် ဆံပင်အခြောက်ခံစက်ကို ပလပ်ခုံတွင် ပလပ်ထိုးထားသင့်ပါသည်။
- အပူချိန်ရွေးချယ်မှုကို “ ❄ ” အနေအထားသို့ထားပါ။ သွားပွတ်တံဖြင့်တိုက်ချွတ်သောအခါ ဖုန်မှုန့် အစရှိသည်တို့ အဝေးကို မှုတ်ထုတ်နိုင်ရန် လေအေးစီးဆင်းမှုကို အသုံးပြုပြီး ခလုတ်ကို “ I ” တွင်ထားပါ။

### ▶ မှတ်ချက်

- ပြုပြင်ထိန်းသိမ်းနေစဉ် လေဝင်ပေါက်ကို လက်ဖြင့်မပိတ်ပါနှင့်။
- လေထွက်ပေါက်ထိန်းသိမ်းနေစဉ်အတွင်းနှင့် ထိန်းသိမ်းပြီးနောက်တွင် ဖုန်မှုန့်များသည် ပြန့်ကျဲနိုင်ပါသည်။ဆံပင်အခြောက်ခံစက်ကို အသုံး မပြုခင်လေထွက်ပေါက်မှဖုန်မှုန့်များကို မမှုတ်မိအောင် သတိထားပါ။(လေထွက်ပေါက်အတွင်းသို့ မကြည့်ပါနှင့်)




(အလွယ်တကူရနိုင်သောသွားတိုက်တံကိုသာအသုံးပြုပါ)

## အိုင်ယွန်ထွက်ပေါက်ကိုထိန်းသိမ်းခြင်း(EH-NE20အတွက်သာ)

အိုင်ယွန်ထွက်ပေါက်ကို ခြောက်လတစ်ကြိမ် သန့်ရှင်းပါ။

ဤပြုပြင်ထိန်းသိမ်းခြင်းသည် အိုင်ယွန်ထုတ်လုပ်မှုကို ကြာရှည်ထိန်းသိမ်းနိုင်ရန် အထောက်အကူပြုပါသည်။

- သာမန် ဝါဂွမ်းစများကို သုံးပါ။(ကလေးငယ်များအတွက် အသုံးပြုသည့် ဝါဂွမ်းစအပါးများကိုသုံးပါ။)
- ဝါဂွမ်းစများကို အဆုံးထိ(၆မီလီမီတာ)ညင်သာစွာထည့်၍ နှစ်ကြိမ်၊သုံးကြိမ်ခန့်လှည့်ပါ။




## လေဝင်ပေါက်ကိုပြုပြင်ထိန်းသိမ်းခြင်း

လေဝင်ပေါက်ကို တစ်လတစ်ကြိမ်(သို့)တစ်ထက်ကြိမ်ထက်ပို၍သန့်ရှင်းပါ။

- ဖုန်မှုန့်များစုနေသောအခါ ဆံပင်အခြောက်ခံစက်မှ စစ်ထုတ်ကိရိယာကို ဖယ်ထုတ်ပြီး သွားတိုက်တံ ( သို့ ) ဖုန်စုပ်စက်ကို အသုံးပြု၍ ဖုန်များကို ဖယ်ရှားပါ။
- အလွယ်တကူရနိုင်သော သွားတိုက်တံကို အသုံးပြုပါ။

၁. အောက်ဖက်တွင်ရှိသည့် ထည့်၍ရသော နေရာကို ဆွဲပြီး စစ်ထုပ်သည့် ကိရိယာကို ဖြုတ်ပါ။




# လေဝင်ပေါက်ကိုပြုပြင်ထိန်းသိမ်းခြင်း

၂။ လေဝင်ပေါက်ပိုက်ကွက် (သို့) စစ်ထုတ်ကိရိယာတွင် ကပ်နေသော ဖုန်မှုန့်များကို ဖယ်ရှားပါ။

- ဖုန်စုပ်စက်ကို အသုံးပြုပြီး စစ်ထုတ်ကိရိယာ၏ အပြင်ပိုင်းရှိ ဖုန်မှုန့် စသည့်တို့ကို ဖယ်ရှားပါ။ အကယ်၍ ဖုန်များကို ဖယ်ရှား၍ မရပါက လက်ချောင်း၏ တူသောအပိုင်းကို အသုံးပြုပြီး အတွင်းပိုင်းရှိ သန့်စင်သော အကွက်မှ အပြင်ပိုင်းရှိ သတ္တုအကွက်(သို့) ဖုန်မှုန့်များကို တွန်းပါ။ ပြီးနောက် သွားတိုက်တံဖြင့် ဂရုတစိုက် ပွတ်တိုက်ပါ။
- စစ်ထုတ်ကိရိယာ၏ အတွင်းပိုင်းမှ ဖုန်မှုန့်များကို သွားတိုက်တံ အသုံးပြု၍ ဂရုတစိုက်ပွတ်တိုက်ပေးပါ။
- သွားတိုက်တံ (သို့) ဖုန်စုပ်စက်ကို အသုံးပြုပြီး လေဝင်ပေါက်တွင် ကပ်နေသော ဖုန်မှုန့်များကို ဂရုတစိုက်ဖယ်ရှားရမည်။
- လက်သည်းများဖြင့် အားသုံး ပွတ်တိုက်ပါက စစ်ထုတ်ကိရိယာကို စုတ်ပြဲစေနိုင်သည်။ ထို့ကြောင့် သွားတိုက်တံ အသုံးပြုပါ။

၃။ အပေါ်ဖက်ကစ၍ စစ်ထုတ်ကိရိယာကို လုံလုံခြုံခြုံ တပ်ဆင်ပါ။

- အောက်နှင့် အပေါ်ရှိ ထည့်၍ရသော နေရာမှ “ကလစ်” ဟုကြားရသည့်အထိ ဖိပါ။



မြန်မာ

# ပြဿနာရှာဖွေဖြေရှင်းခြင်း

<table>
<tr><th>ပြဿနာ</th><th>ဖြစ်နိုင်သောအကြောင်းအရာ</th><th>လုပ်ဆောင်မှု</th></tr>
<tr><td>အပူစနစ်သုံးနေစဉ်လေအေးများမကြာခဏထွက်ခြင်း (သို့)ကိုယ်ထည်အတွင်းမီးပွားများတွေ့ရှိခြင်းများဖြစ်သည်။<br>(ထိုမီးပွားများသည်အပူချိန်ညှိကိရိယာခလုတ်ကာကွယ်ရေးကိရိယာများကြောင့်ဖြစ်ပေါ်ခြင်းဖြစ်ပြီး အန္တရာယ်မရှိပါ)</td><td>ချည်စများသည် လေဝင်ပေါက်(သို့)လေထွက်ပေါက်တွင်စုပုံနေသည်။</td><td rowspan="3">စုပုံနေသောချည်စကိုရှင်းပါ။<br>လေဝင်ပေါက်ကိုမပိတ်ပါစေနှင့်။</td></tr>
<tr><td>လေပူများသည်လေအေးအဖြစ်သို့ထပ်ကာထပ်ကာပြောင်းနေသည်။</td><td rowspan="2">ဆံပင်(သို့)အခြားအရာများ လေဝင်ပေါက်တွင်ပိတ်နေသည်။</td></tr>
<tr><td>လေပူများသည်ပုံမှန်ထက်ပိုပူနေသည်။</td></tr>
<tr><td>ပလပ်ခေါင်းသည်ပုံမှန်ထက်ပိုပူနေသည်။</td><td>အိမ်သုံးပလပ်ခုံနှင့်ချိတ်ဆက်မှုသည်လျော့ရဲရဲဖြစ်နေသည်။</td><td>ခိုင်မြဲလုံခြုံစွာတပ်ဆင်ထားသောအိမ်သုံးပလပ်ခုံကိုအသုံးပြုပါ။</td></tr>
<tr><td>အိုင်ယွန်ထွက်ပေါက်ထဲတွင်မီးပွားများရှိနေသည်။</td><td rowspan="2">ညစ်ပေနေသောလျှပ်ခေါင်း(အပ်ပေါက်ရာ) ကြောင့်မှုမမှန်ခြင်းများရှိသည်။</td><td rowspan="2">အိုင်ယွန်ပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်ပါ။</td></tr>
<tr><td>အိုင်ယွန်ထွက်ပေါက်သည်တဖြောက်ဖြောက်မြည်သံထွက်နေသည်။</td></tr>
</table>

အကယ်၍ပြဿနာများကို မဖြေရှင်းနိုင်ပါက ပြန်လည်ပြင်ဆင်ရန်အတွက်ကိရိယာအားဝယ်ယူခဲ့သောစတိုး(သို့) ပန်နာဆိုးနစ် ဝန်ဆောင်မှုစင်တာများကိုဆက်သွယ်မေးမြန်းနိုင်ပါသည်။

# အသေးစိတ်အချက်အလက်များ

| | | | | |
|---|---|---|---|---|
| ထုတ်ကုန်အမည် | | | | |
| ထုတ်ကုန်မော်ဒယ် | | EH-NE82, EH-NE81 | | |
| လျှပ်စစ်ပမာဏ | | ၂၂၀ဗို့~၅၀–၆၀ဟတ်ဇ် | ၂၃၀ဗို့~၅၀–၆၀ဟတ်ဇ် | ၂၄၀ဗို့~၅၀–၆၀ဟတ်ဇ် |
| လျှပ်စစ်သုံးစွဲမှုပမာဏ | | ၂၁၀၀ဝပ် | ၂၃၀၀ဝပ် | ၂၅၀၀ဝပ် |
| အပိုပစ္စည်း | EH-NE82 | နှုတ်သီးပြွန်၊ စစ်ထုတ်ကိရိယာ | | |
| | EH-NE81 | နှုတ်သီးပြွန် | | |

ဤထုတ်ကုန်သည် အိမ်သုံးအတွက်သာဖြစ်သည်။

မြန်မာ

Panasonic Manufacturing (Thailand) Co., Ltd.

Navanakorn Industrial Estate, Zone 3, No. 106 Moo 18,
Klong 1, Klong Luang, Patum Thani 12120, Thailand

J0